# ကိုလိုနီခေတ်အမျိုးသားရေးထင်ဟပ်သော
# လေးချိုးကြီးများပန်တီးမှုအတတ်ပညာ

ပါရဂူ (PhD) ဘွဲ့အတွက်တင်သွင်းသောကျမ်း

မစုစုနွယ်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ ဇွန်လ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည်ကိုလိုနီခေတ် အမျိုးသားရေးထင်ဟပ်သော လေးချိုးကြီးများဖန်တီးမှုအတတ်ပညာ သဘောကို ဖော်ထုတ်တင်ပြသည့် ကျမ်းဖြစ်ပါသည်။ မြန်မာနိုင်ငံ သူ့ကျွန်ဘဝ ကျရောက်ခဲ့သည်မှ လွတ်လပ်ရေးရသည့်အထိ ကြိုးပမ်းဆောင်ရွက်မှုတွင် လေးချိုးကြီး ကဗျာအဖွဲ့များသည် တစ်ထောင့် တစ်နေရာမှ ပံ့ပိုးမှုပြုနိုင်သော စာပေလက်နက်ကောင်းများဖြစ်သည်ဆိုကြောင်းကို တင်ပြရန်ရည်ရွယ် ပါသည်။ တင်ပြရာ၌လည်း သူ့ကျွန်ဘဝရောက် မြန်မာနိုင်ငံ၏ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအစရှိသည့် နောက်ခံအထွေထွေတို့ကို ကိုလိုနီခေတ်စာဆိုများ ၏လေးချိုးကြီးများ၊ အထူးသဖြင့် ဆရာကြီးဦးလွန်း၏ ဆောင်းပါး၊ ဋီကာ၊ ဂဏ္ဍိမှလေးချိုးကြီး အဖွဲ့များနှင့် ယှဉ်ဟပ်၍ လေ့လာတင်ပြထားပါသည်။ ကိုလိုနီခေတ်လေးချိုးကြီးအဖွဲ့များသည် အမျိုးသားလွတ်မြောက်ရေး၊ ဇာတိသွေး ဇာတိမာန်ထက်သန်ရေး၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်များ ပေါ်ပေါက်လာစေရေးအတွက် များစွာအထောက်အပံ့ပြုပါသည်။ ထို့ကြောင့် ဤလေးချိုးကြီးများကို လေ့လာရာတွင် ကဗျာ့အကြောင်းအရာ နှင့်အတူ အရေးအဖွဲ့တို့ကို ကဏ္ဍတစ်ခုချင်းစီခွဲ၍ လေ့လာ တင်ပြထားပါသည်။